
ချိုသင်းမာ
သရဲဘုရင်ရဲ့ချစ်လှစွာသော ဇနီးဆိုးလေး
(ယွမ်လော့ဖုန်း)
(Chapter 1730 - 1747)
တစဉ် (၈၃)

# အပိုင်း(၁၇၃၀)

# အရှက်ကွဲခြင်း(၇)

ဝေယွဲ့ မှင်တက်သွားပြီးတော့ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားသည်။ သူ့ခန္ဓာကိုယ်ကလည်း အဆက်မပြတ် တုန်ရီနေသည်။

"ရဲ့ချီက ခုနစ်ပြည်ထောင် ကုန်းမြေစုကို ရောက်နေတာ နှစ်လကျော်ရှိနေပြီလို့ ပြောလိုက်တာလား"

ဝေလင်းလည်း တအံ့တဩဖြစ်နေသည်။ သူ့ရဲ့နှလုံးသားထဲတွင် မလွယ်ကူသည့် ခံစားချက်များ ဖြစ်ပေါ်နေသည်။

ကျွင်းဘိုးဘိုးက ထွေငေါ့လိုက်ပြီး ရဲ့ချီရဲ့လက်ကိုဆုပ်ကာ လက်ကို ဝှေ့ယမ်းလိုက်သည်။

"ချီချီ ဘိုးဘိုးရဲ့ဘေးနားကို လာပါ။ ဒီနေ့ ဘိုးဘိုးက ချီချီနဲ့ ချီချီရဲ့အမေအတွက် လက်တုံ့ပြန်ပေးမယ်"

"ဘိုးဘိုး ဟုတ်လား"

"ဝုန်း"

ဝေလင်းရဲ့လက်များ ရပ်တန့်သွားပြီး သူ့လက်ထဲတွင်ကိုင်ထားသော လက်ဖက်ရည်ခွက်က ဖိတ်စဉ်သွားသည်။ ဖြစ်ပျက်ခဲ့ရသည့် အဖြစ်အပျက်များကြောင့် မိုးကြိုးပစ်ချခံရသလို ခံစားရသည်။ ပူပူနွေးနွေး လက်ဖက်ရည်များက သူ့လက်ဖမိုးပေါ် ကျဆင်းသွားသော်လည်း ခန္ဓာကိုယ် တစ်ကိုယ်လုံး တုန်ရီနေသည့် သူမက နာကျင်မှုကို မခံစားနိုင်ပေ။

"ရဲ့ချီက ကျွင်းဘိုးဘိုးရဲ့မြေးလား။ ကျွင်းဖန်းလျှန်က ဒါဆိုဘာလဲ။ မဖြစ်နိုင်ပါဘူး။ ဒါလုံးဝ မဖြစ်နိုင်ဘူး။ ကျွင်းဖန်လျှန်ဆိုတဲ့ မိန်းမက အာဏာရှိတဲ့ မျိုးနွယ်စုရှိပဲ့မလား။ ငါမယုံကြည်နိုင်ဘူး"

"ဖေဖေ"

ဝေလင်းရဲ့မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို မြင်ရသောအခါ ကျွင်းဖန်လျှန် ပြုံးလိုက်ပြီး သူမရဲ့ဖခင်ဘေးနားကို တစ်လှမ်းချင်း သွားလိုက်သည်။

"ဒီကောလာဟလ သတင်းတွေကို ဝေမိသားစုက ဖြန့်တာဆိုတော့ ဝေမိသားစုကို အပြစ်ပေးသင့်တယ်။ သူတို့က ချီချီကို သိက္ခာကျအောင်လုပ်ပြီးတော့ ကျွင်းမိသားစုကနေ မောင်းထုတ်စေချင်နေတာ။ အဲဒီဝေမိသားစုက သမီးကိုရန်စတဲ့အပြင် သမီးရဲ့ခင်ပွန်းကိုလည်း လုယူဖို့ ကြိုးစားသေးတယ်"

အားလုံးရဲ့ မျက်ဝန်းအကြည့်က ဝေမိသားစုကို ချက်ချင်း ကျရောက်သွားသည်။ မြောက်ပိုင်းစီရင်စုမှ နောင်တရနေသော သူများကလည်း ဝေမိသားစုကို လှည့်ကြည့်လိုက်ကြသည်။

"ကျွင်းမိသားစု သခင်မလေးရဲ့ ခင်ပွန်းကို ခိုးယူဖို့ကြံရွယ်တယ်လား။ တောက် ဝေမိသားစုရဲ့ သခင်မလေးက တကယ်ကို သတ္တိကောင်းလှချည်လား။ လူ့လောကမှာ အသက်ရှင်ချင်စိတ် မရှိတော့ဘူး ထင်တယ်"

"မဟုတ်ရပါဘူး"

ဝေလင်း ကြောက်ကြောက်လန့်လန့် စကားပြန်ပြောလိုက်သည်။

သူမရဲ့နှုတ်ခမ်းပါးက ဖြူဖျော့နေပြီး စကားမပြောနိုင်သည်အထိ တုန်ရီနေသည်။ သူမရဲ့ နှလုံးသားကလည်း အကြောက်တရားများ ဖုံးလွှမ်းနေပြီး ခေါင်းနဲ့နံရံကိုဆောင့်ပြီး သေချင်စိတ်များ ဖြစ်ပေါ်နေသည်။

ကျွင်းဖန်လျှံက ဝေလင်းရဲ့ မပီမသဖြေရှင်းချက်ကို နားမထောင်တော့ပဲ စကားဆက်ပြော လိုက်သည်။

"အစ်ကိုချန်းနဲ့ငါက ဝေမိသားစုက သခင်မလေးကို တွေ့ခဲ့ဖူးတယ်။ အဲဒီအချိန်ကတည်းက ဝေသခင်မလေးက အစ်ကိုချန်းကို ပထမဦးဆုံး မြင်တွေ့ပြီးကတည်းက ကြိုက်ခဲ့တယ်။ အစ်ကိုချန်းနဲ့ငါ့ကို ဝေမိသားစုရဲ့ အိမ်တော်ကိုဝင်ရောက်ဖို့ ကြိုးပမ်းတယ်။ ဝေမိသားစုက ငါတို့ကို တာဝန်ယူနိုင်ကြောင်းလည်း တတွင်တွင်ပြောတယ်။ သူ့ကိုတော့ ဇနီးသည်အဖြစ် လက်ထပ်ယူပြီးတော့ ငါ့ကိုတော့ အစ်ကိုချန်းရဲ့ ကိုယ်လုပ်တော်နေရာကို သနားထောက်ထားတဲ့ အနေနဲ့ ပေးမယ်လို့လည်း ပြောတယ်လေ"

ပွဲတော်ခန်းမ အတွင်းရှိ လူအားလုံးက သူမပြောပြသည့် ဇာတ်လမ်းကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေရသည်။ ဝေ့မိသားစုရဲ့ သခင်မလေး ဝေ့လင်းက ကျွင်းသခင်မလေးရဲ့ ခင်ပွန်းကို လုယူရဲလောက်သည် အထိသာ သတ္တိရှိမည်ဟု မထင်ခဲ့မိသော်လည်း ကျွင်းသခင်မလေးကို ကိုယ်လုပ်တော်နေရာ ပေးရဲသည်အထိ အတင့်ရဲနေသည်။

"ယောက္ခမ"

ရဲ့ကျင်ချန်းက မတ်တတ် ထရပ်လိုက်သည်။ ခန့်ညားချောမောသော မျက်နှာတွင် နူးညံ့သိမ်မွေ့သော အပြုံးကလေး ဖြစ်ပေါ်နေသည်။

"ဝေမိသားစုရဲ့ သခင်မလေးက ကျွန်တော်တို့ကို ခြိမ်းခြောက်လိုက်သေးတယ်။ ဝေမိသားစုက ကျွင်းမြို့တော်မှာ အာဏာအရှိဆုံးတဲ့။ သူကဝေမိသားစုရဲ့ ဆက်ခံသူ ကျွန်တော်သာ သူ့ကိုလက်ထပ်လိုက်ရင် ဝေမိသားစုတစ်ခုလုံးကို ပိုင်ဆိုင်ရတာနဲ့ အတူတူပဲလို့လည်း ကမ်းလှမ်းသေးတယ်။ သူတို့လက်ထဲမှာ အဆုံးအစမဲ့တဲ့ ဩဇာအာဏာတွေ ရှိတယ်လို့လည်း ပြောတယ်။ ကျွန်တော်သာ ဉာဏ်ရှိရင် ဘာကိုရွေးချယ်ရမလဲ ဆိုတာ သိမယ်တဲ့။

အခြေအနေနဲ့ အချိန်အခါကို အခွင့်ကောင်း ယူတတ်ပါစေလို့ ပြောလိုက်တယ် ယောက္ခမ"

ကျွင်းဘိုးဘိုးရဲ့ မျက်နှာက ပို၍မည်းသည်းလာသည်။ သူ့ရင်ထဲက ဒေါသစိတ်ကပို၍တိုးပွားလာသည်။

"ငါတို့ ကျွင်းမိသားစုက နင်တို့ဝေမိသားစုကို မယှဉ်နိုင်ဘူးလို့ ထင်နေတာလား"

ကျွင်းဘိုးဘိုးက မကျေမနပ် အံကြိတ်လိုက်သည်။

"ငါ့ရဲ့သမက်က နင့်ကိုမရွေးချယ်ရင် ထုံထိုင်းလို့ပေါ့ ဟုတ်လား။ ငါ့သမက်ပြောတာတွေ အကုန်လုံးက အမှန်ပဲလား"

ဝေလင်းရဲ့မျက်နှာက သွေးရောင်ကင်းမဲ့နေသည်။ နောက်ကို ဒယိမ်းဒယိုင်ဖြင့် ဆုတ်ခွာလိုက်ပြီး သူမရဲ့နောက်ကျောတွင် ရှိသော ဖယောင်းတိုင်မီးက ကျောကို စွဲကပ်ပြီး မီးပွားများကို သူမရဲ့လက်ဖမိုးဖြင့် ခါချရန် ကြိုးစား၍ လက်ဖမိုးများ မီးလောင်ကျွမ်းနေရသည်။ ဝေယွဲ့ရဲ့ မျက်နှာတွင်လည်း စိတ်ပျက်ကြေကွဲမှုများ ကြီးစိုးနေပြီး မြေကြီးပေါ်ပြိုလဲကျ သွားသည်။ ဝေလင်းရဲ့အမိန့်ကို နာခံခဲ့ခြင်းက သူမရဲ့ဘဝကို ဖျက်ဆီးလိုက်သည်နှင့် အတူတူမှန်း ယခုမှနားလည်လိုက်သည်။ သူမဘဝတင်မဟုတ် သူမတို့ရဲ့ ဝေမိသားစုတစ်ခုလုံး ဖျက်ဆီးခံလိုက်ရခြင်းနှင့် အတူတူပင်ဖြစ်သည်။

ကျွင်းဘိုးဘိုးရဲ့ဘေးမှာ ထိုင်နေသည့် ယွမ်လော့ဖုန်းက နောက်ဆုံးတော့ စကားဝင်ပြောရန် ဆုံးဖြတ်လိုက်သည်။ ကုလားထိုင်ပေါ်မှ ပျင်းရိလေးတွဲစွာ မတ်တတ်ထရပ် လိုက်သည်။

"အရင်ရက်တွေတုန်းက ဒီသတင်းတွေ ပြန့်နေတဲ့အကြောင်းကို ဘာလို့ငါ

ကို မပြောခဲ့ရတာလဲ"

သူမရဲ့အမေနဲ့ ညီမက ယခုလောက်ထိ သိက္ခာကျဆင်းအောင် ပြောဆိုခံရလိမ့်မည်ဟု သူမ မတွေးခဲ့မိပေ။

***

## အပိုင်း(၁၇၃၁)

## သူမက သူတော်စင်အရှင်သခင် အဆင့်ရဲ့ အမြင့်ဆုံးအဆင့်လား(၁)

"အစ်မယွမ်။ အစ်မယွမ်က အချိန်အကြာကြီး လူသူကင်းမဲ့တဲ့နေရာမှာ တရားကျင့်ကြံ နေတာလေ။ အဲဒီနေရာက ပြန်ထွက်လာတော့လည်း မိသားစု အသိအမှတ်ပွဲနဲ့ အလုပ်ရှုပ်နေတာ။ ဒါကြောင့်မလို့ ဒီကိစ္စကို အချိန်မီ မပြောပြခဲ့တာပါ"

ကျွင်းလင်းအာက တိတ်တဆိတ် ရှင်းပြလိုက်သည်။

"ကောင်းပြီ။ အခုတော့ ငါသိသွားပြီ။ ငါ့ရဲ့အမေအတွက် အမှန်တရား ရအောင် ပြန်လုပ်ပေးမယ်"

ယွမ်လော့ဖုန်းရဲ့ နှုတ်ခမ်းပါးလေးက အနည်းငယ် အပေါ်သို့ပင့်တက်သွားသည်။ သူမရဲ့ မျက်ဝန်းနက်များက မှေးစင်းနေပြီး ချောက်ချားဖွယ် ကောင်းသော အလင်းတန်းများဖြင့် ဝေမိသားစုဝင်တိုင်းကို လှည့်ကြည့်လိုက်သည်။

ထိုအမျိုးသမီး၏ အကြည့်ကို မြင်ပြီးနောက် ဝေလင်း ကြောက်ကြောက်လန့်လန့် ဖြစ်လာသည်။ သူမက ယွမ်လော့ဖုန်းကို ရန်စရမည်ထက် ငရဲမင်းကိုသာ ရန်စလိုက်မည်ဟု သူမ၏ဦးလေးဝေနှင့် ပြောခဲ့ဖူးသော်လည်း သူမကိုယ်တိုင်က ငရဲမင်းထက် ကြောက်ဖို့ကောင်းတဲ့ မိန်းမကို ရန်စခဲ့မိသည်။ ငရဲမင်းက တခြားသူတစ်ယောက်ရဲ့ အသက်ကို လိုချင်လျှင် အဲဒီလူက သေပေးရုံသာ လုပ်ဆောင်ရလိမ့်မည်။ သို့သော်လည်း ယွမ်လော့ဖုန်းကို ရန်စမိလျှင် သေသည်ထက် ဆိုးသည့်ဘဝဖြင့် အသက်ရှင်သန် ရ

လိမ့်မည်။ ဝေလင်းရဲ့ဒူးများက ယိုင်နဲ့သွားပြီး မြေကြီးပေါ် လဲကျသွားကာ အော်ဟစ်လိုက်သည်။

"ယွမ်သခင်မလေး၊ ကျွင်းမျိုးနွယ်စု ခေါင်းဆောင် ကျွင်းဖန်လျှန်နဲ့ ကျွင်းမိသားစုမှာ ဒီလိုဆက်ဆံရေးမျိုး ရှိမှန်း ကျွန်မ မသိခဲ့လို့ပါ။ ဒါကြောင့်လည်း ဒီလိုအမှားမျိုးကို ကျူးလွန်ခဲ့တာပါ။ မရည်ရွယ်ခဲ့တဲ့ အမှားလေးကို ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါရစေ"

ဩဇာအာဏာရှိသည့် ကျွင်းမိသားစုရှေ့မှာ ယခုလို ဖြေရှင်းချက်ပေးပြီး တောင်းပန်လျှင် အသုံးမဝင်မှန်း သူမရှင်းရှင်းလင်းလင်း သိနေပြီးသားဖြစ်သည်။ သူမရဲ့အမှားကို ဝန်ခံလိုက်ခြင်းက အကောင်းဆုံးဖြစ်သည်။ သူမက ကျွင်းဖန်လျှန်ကို ထိခိုက်နစ်နာအောင် မလုပ်ခဲ့သည့်အတွက် ကျွင်းဘိုးဘိုးက သူမကို ခွင့်လွှတ်နိုင်လောက်သည်။

လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ကျဆင်းအောင် လုပ်ဆောင်ခြင်းက ထိခိုက်နစ်နာအောင် လုပ်ဆောင်ခြင်းမျိုး ဖြစ်ကြောင်း ဝေလင်း မတွေးတတ်မိသည်က ရယ်စရာကောင်းလှသည်။

ယွမ်လော့ဖုန်းက ဒူးထောက်တောင်းပန်နေသည့် ဝေလင်းကို ဖျတ်ခနဲကြည့်လိုက်သည်။

"အကယ်၍ ငါ့အမေသာ ကျွင်းမိသားစုမဖြစ်ခဲ့ရင် ငါ့အမေရဲ့ယောက်ျားကို ခိုးယူဖို့ နင်ကြိုးစားဦးမှာပဲ မလား။ နင်နဲ့ထိုက်တန်တယ် လို့လည်း နင်တွေးဦးမှာမလား။ တရားဝင်မိန်းမမဖြစ်တဲ့ ငါ့အမေက ကိုယ်လုပ်တော်ဖြစ်ဖို့ ထိုက်တန်တယ်လို့ နင့်ရဲ့ခေါင်းထဲမှာ တွေးနေတာမလား"

"ငါ ငါ ... "

ဝေလင်းရဲ့မျက်နှာက အဖြူရောင် ပြောင်းလဲသွားပြီး ခေတ္တခဏမျှ နှုတ်

ဆိတ်နေမိသည်။

ယွမ်လော့ဖုန်းက ဝေ့လင်းအနားကို ဖြည်းဖြည်းချင်း ချဉ်းကပ်လိုက်သည်။

"အခုချိန်မှာ နင့်ကိုသနားဖို့ တောင်းပန်နေတာလား။ ဒါပေမဲ့ နောက်ကျသွားပြီ။ ငါခွင့်လွှတ်နိုင်ဖို့ အတွေးမရှိဘူး။ ငါ့အမေမှာ ဖြူလောက်တဲ့နောက်ခံအဆင့်အတန်းသာ မရှိရင် နင်ကရော ငါ့အမေကို သနားညှာတာပေးမှာလား"

နီးကပ်လာသည့် ခံစားချက်ကြောင့် ဝေလင်းပို၍ တုန်လာပြီး သူမရဲ့ခေါင်းကို မြေကြီးပေါ် မြှုပ်ထားချင်စိတ် များသာ ဖြစ်ပေါ်နေသည်။

"နင်တောင် ငါ့အမေကို မသနားနိုင်သေးရင် ငါက နင့်ကိုဘာလို့ သနားရမှာလဲ"

ယွမ်လော့ဖုန်းက သူမရဲ့မေးဖျားလေးကို အနည်းငယ်မော့လိုက်ပြီး ဒူးထောက် တောင်းပန်နေသည့် ဝေ့လင်းကို အထင်မြင်သေးဟန် အကဲခတ်လိုက်သည်။

"အမှားလုပ်တဲ့လူတိုင်းက တန်ရာတန်ကြေး ပြန်ပေးဆပ်ရမယ်။ ဒါကိုနင့်ဦးနှောက်ထဲမှာ မြဲမြဲမှတ်ထားလိုက်"

ဝေလင်း ဦးခေါင်းကို မော့လိုက်သည်နှင့် ယွမ်လော့ဖုန်း၏ မျက်ဝန်းတွင်ဖြစ်တည်နေသည့် လူသတ်ငွေ့များကို ခံစားလိုက်မိသည်။ သူမရဲ့နှလုံးသားကို အကြောက်တရားများ ဖုံးလွှမ်းသွားပြီး သူ့ကိုယ်သူ ညှာတာထောက်ထားခြင်း ကင်းမဲ့စွာ ဦးတိုက်တောင်းပန် နေသည်။

"ယွမ်သခင်မလေး ကျွန်မအသက်ကို ညှာတာပေးဖို့ တောင်းပန်ပါရစေ။ ကျွန်မ ကျွန်လုပ်ရလည်း ကိစ္စမရှိပါဘူး။ သခင်မလေးတို့ကို ခစားနိုင်ပါ

တယ်"

ယွမ်လော့ဖုန်းက ဆောင့်ကြောင့်ထိုင်လိုက်ပြီး သူမ၏သေးသွယ်သော လက်ချောင်း ကလေးများဖြင့် ဝေ့လင်းရဲ့မေးဖျားကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး သူမရဲ့ပါးစပ်ကို အတင်းအကျပ်ဖွင့်ရန် ကြိုးစားသည်။

"နင်က ဒီလျှာကို အသုံးပြုပြီးတော့ ငါ့အမေနဲ့ငါ့ညီမကို မကောင်းကြံစည်တယ်။ သိက္ခာကျအောင် လုပ်တယ်။ ဒီလျှာကို ထပ်ပြီးတော့ ထားနေစရာ မလိုအပ်တော့ဘူး"

ဝေလင်းရဲ့ မျက်ဝန်းများတွင် အကြောက်တရားများ ပြည့်နှက်နေပြီး စကားတစ်ခွန်းမှ ပြန်မပြောရဲပေ။ သူမဘက်က တုံ့ပြန်နိုင်ခွင့်မရခင် အလင်းတန်းတစ်ခု ဖြတ်သန်းသွားပြီး သူမရဲ့လျှာပေါ်တွင် စူးရှသည့်နာကျင်မှု ဖြစ်ပေါ်သွားသည်။ နွေးထွေးသော သွေးများက လေထဲတွင် ပန်းထွက်သွားပြီး ကြမ်းပြင်ကို အနီရောင်ဆေး ဆိုးထားသလို ဖြစ်စေသည်။

"ဝူး ဝူး ဝူးဝူးဝူး"

သူမ၏ သွေးထွက်နေသော ပါးစပ်ကို အလျင်စလို ဆုပ်ကိုင်လိုက်ပြီး ခန္ဓာကိုယ်ကလည်း အထိန်းအချုပ် ကင်းမဲ့စွာ တုန်နေသည်။ သို့သော်လည်း စကားတစ်ခွန်းမှ ပြန်မပြောရဲပေ။

"ဘိုးဘိုး"

ယွမ်လော့ဖုန်းက ဝေလင်းရဲ့လျှာကို ဖြတ်ပြီးနောက် စကားတစ်ခွန်း ပြန်ပြောလာသည်။

"ဝေမိသားစုကို ဖြေရှင်းဖို့ ကျွင်းမိသားစုလက်ထဲ အပ်လိုက်မယ်။ ဖုန်းအာရဲ့လက်ကို မညစ်ပတ်ချင်တော့ဘူး"

အမှားကျူးလွန်သူတိုင်းက တန်ရာတန်ကြေး ပြန်ပေးဆပ်သင့်သည်။ ဝေ

မိသားစု ကျူးလွန်ခဲ့သည့် ပြစ်ဒဏ်နှင့် ထိုက်တန်သည့် တန်ရာတန်ကြေး မျိုး ပြန်ပေးဆပ်ရမည်။

"အစောင့်တွေ ဒီဝေ့မိသားစုက လူသုံးဦးကို ဆွဲထုတ်သွားစမ်း။ ငါ့ရဲ့ မိသားစု အသိအမှတ်ပြုတဲ့ ပွဲပြီးတာနဲ့ ဒီလူတွေကို အပြစ်ပေးမယ်"

ကျွင်းဘိုးဘိုးက စိတ်မရှည်ဟန် အမိန့်ပေးလိုက်သည်။ သူစကားတစ်ခွန်းမှ ဝင်မပြောသော်လည်း ဝေမိသားစုက ကျွင်းမြို့တော်မှ ပယ်ထုတ်ခံရမည့် အကြောင်းကို ယခုဒီမှာရှိနေသည့် လူအားလုံးက သိနေသည်။ ဝေမိသားစုက လူလောကထဲမှာ ဆက်လက် တည်ရှိနိုင်ရန် မလွယ်ကူတော့ပေ။

***